# သူတစ်ပါး၌

ဆရာဝန်တစ်ဦးကို တွေ့ဖူးပါသည်။ အလွန်အောင်မြင်၍ ဆေးလိုက်သည်ဟုပြောရမည်ဖြစ်ပါသည်။ သူကုသသောလူနာများ ပျောက် ကင်းသည်က များရာကြာလျှင် မာန်မာနထောင်လွှားလျက် လုပ်ကိုင်ဖက်နှင့် လူနာများအပေါ်မှာ သဟောက်သဟန်း လုပ်တတ်လာ၏။ အလွန် မောက်မာသော်လည်း ပညာကြီးမား၊ ကြွယ်ဝချမ်းသာ၊ အောင်မြင်သောသူ ဖြစ်ရကား မည်မျှမဟန့်တားနိုင်ပါ။ တစ်စုံတစ်ယောက်က သူပြော သောစကားကို ငြင်းဆန်ဆွေးနွေးမည်ဆိုလျှင် "ဒီမှာကိုယ့်လူ၊ ကျုပ် ဘယ်သူလဲဆိုတာ မောင်ရင်သိရဲ့လား" ဟု ခတ်မာမာမေးတတ်ရာ မည် သူမျှပြန်မပြောနိုင်တော့ပါ။ သူကတော့ ဆရာဝန်ကြီးတစ်ဦးဖြစ်သည်ထက် ပိုပိုသာသာ ဩဇာအာဏာကို အသုံးပြုလေ၏။

တစ်နေ့တွင်မူ . . . ချောင်းဆိုးရောဂါတစ်ခုကို ရလာသည်မှအစပြု၍၊ အတော်ပင်စိတ်ညစ်လာရသည်။ ရောဂါ၏အမည်မှာ လေပြွန် ကင်ဆာဟုသိရသောအခါ ပျာယာခတ်သွားလေ၏။ သူ့ကိုယ်ကို အပ်နှံရလေသည်။ ကောင်းကောင်းခွဲပေးပါခင်ဗျား။ ကျွန်တော်အသက်ဟာ ခင်ဗျားတို့လက်ထဲမှာရှိပါတယ်။ စေတနာ၊ မေတ္တာ၊ ဂရုဏာနဲ့ ခွဲပေးပါ။ ကျွန်တော့အသက်ကို ကယ်ပါ . . . ဟုတောင်းပန်ရလေ၏။ တော်ပါ သေးသည်။ သူ့ကိုတာဝန်ယူ၍ ကုသပေးမည့် ဆရာဝန်များက ယုံကြည်သူစင်စစ်ဖြစ်ကာ၊ ဝိုင်းဝန်းလျက် အကောင်းဆုံး ဆောင်ရွက်ပေးပါ သည်။ သူနာပြုများနှင့် ဝန်ထမ်းများက ဂရုစိုက်ပေးပါ၏။ ထိုအချိန်မှာ . . . 'ဒီမှာကိုယ့်လူ၊ ကျုပ်ဘယ်သူလဲ ဆိုတာ မောင်ရင်သိရဲ့လား' ဟု တစ်စုံတစ်ယောက်ကမှ မပြောကြပါ။ ထိုစကားမျိုးကို သတိရ၍ သူကိုယ်တိုင် အပြောခံရမှာ ကြောက်နေသော်လည်း အပြောမခံခဲ့ရပါ။ ထို ကာလ၌ ဆရာဝန်ကြီးသည် လူနာတစ်ယောက်ဖြစ်သွားခဲ့ပါ၏။ ဆရာဝန် ဝတ်ရုံနှင့် နားကြပ်မရှိတော့သော လူနာစင်စစ်ဖြစ်သွားသောအခါမှ လူနာတစ်ယောက်၏ ခံစားချက်၊ မျှော်လင့်ချက်နှင့် အားကိုးအားထားပြုခြင်းကို သူနားလည်ခဲ့ရပါသည်။ ခွဲစိတ်ခြင်းအောင်မြင်သောအခါ ပြန် ၍ ကျန်းမာလာ၍ ဆရာဝန်အလုပ်ကို လုပ်နိုင်သောအခါ တပည့်များအား ဤသို့ပြောပါ၏။ ဆရာဝန်ကောင်းဖြစ်ဖို့ မင်းတို့အားလုံး ဆရာဝန် ဝတ်စုံကိုချွတ်၍ (၇၂)နာရီကြ လူနာလုပ်ကြည့်ဖို့လိုပါတယ် . . . ဟူ၍ဖြစ်ပါသတဲ့။

သင်တို့သည် ကိုယ်၌ သူတစ်ပါးပြုစေလိုသည့်အတိုင်းသူတစ်ပါး၌ ပြုဖို့ရန် သခင်ယေရှု မိန့်တော်မူခဲ့ပါ၏။ ဤပညတ်ကို အမှန်တကယ် လိုက်နာခဲ့ပါရဲ့လား . . . ဟုဆင်ခြင်ကြပါစို့။ ကိုယ်ကျင့်တရားနှင့် သနားခြင်း ဂရုဏာကို နှလုံးသား၌ နေရာပေးနိုင်ပါမှ ကိုယ်တော်၏ ပညတ် အချုပ်အချာလိုက်နာသောသူ၊ ကိုယ်တော်၏ နှုတ်ကပတ်တော်ကို လိုက်လျှောက်သူဖြစ်ပေ လိမ့်မည်။

မှတ်ချက်။ ။ ညစဉ်ခွန်အားစာစောင်မှကောက်နှုတ်တင်ပြထားပါသည်။